## ဆန္ဒပြစရာမလိုပါ၊
## ဆန္ဒပြဖို့ရန်မှတစ်ပါးအခြားမရှိပြီ
## (မောင်ဒွဲ့ဒိုး)

"တစ်ကျုပ်တန်ပါတီက တစ်မတ်တန်ပါတီများနဲ့ မညှိနိုင်"–တဲ့

မောင်ဒွဲ့ဒိုး အဲဒီနိုင်ငံရေးစကားလုံးကို ကောင်းကောင်းကြီးမှတ်မိနေပါတယ်။ အတော်ပြောင်မြောက်တဲ့ စကားလုံးလို့ ထင်ခဲ့မိလို့လည်း မှတ်မိနေခြင်းပါ။ ဒီစကားလုံးကို တွင်တွင်ကြားမိခဲ့တဲ့ကာလက ၁၉၉၀ ရွေးကောက်ပွဲရလာဒ်များကို တီဗီ၊ ရေဒီယိုများက နေ့စဉ်ထုတ်ပြန်ကြေညာနေချိန်က ပါတီနိုင်ငံရေး လောကထဲက ထွက်လာတဲ့စကားဖြစ်ပါတယ်။

သြော် ..... တစ်ကျုပ်တန်နဲ့ တစ်မတ်တန်တဲ့လား။

နိုင်ငံရေး အဆင့်အတန်းခွဲလှချည့်။ "အဆင့်အတန်းခွဲသော လူတန်းစားအမြင်"ရှိတဲ့ နိုင်ငံရေးပါတီဟာ ဒီကနေ့ လူရာမဝင်တော့တာ ဆန်းသလား။ ဒီမိုကရေစီမဆန်တဲ့ ဒီလိုစကားလုံးထွင်သူများ ဒီကနေ့မှာ "မြန်မာပြည် ဒီမိုကရေစီ နိဒါန်းကာလများ" နဲ့ပင် မထိုက်မတန်၊ အလှမ်းကွာ လူရာမဝင် ဖြစ်နေပါလား။

ဒါဟာ မြန်မာပြည်သူများရဲ့ မသိစိတ်များက ဒဏ်ခတ်မှုပဲဖြစ်ပါတယ်။ ဒီလို လူတန်းစားခွဲခြားတဲ့ အမြင်ရှိတဲ့ ပါတီက နိုင်ငံရေးအာဏာကို ရခဲ့ရင် မြန်မာပြည်သူတစ်ရပ်လုံးကို လူတန်းစားအဆင့်အတန်း၊ ဘယ်နှစ်စား ခွဲထားမလဲဆိုတာ တွေးမိရင်တောင် ထိတ်လန့်စရာ ကောင်းလှပါတယ်။ ဒီစကားလုံးကိုသုံးတဲ့ နိုင်ငံရေးပါတီက ဘယ်ပါတီလို့ထင်ပါသလဲ။ အများ သိတော်မူကြတဲ့ NLD ပဲ ဖြစ်ပါတယ်။

ရွေးကောက်ပွဲရလာဒ်ကြောင့် အာဏာရယူဖို့ လောဘဇောတက်နေတဲ့ NLDဟာ လွှတ်တော်ကို ဇွတ်ခေါ်ဖို့တို့၊ အခြေခံဥပဒေကို တစ်ထိုင်တည်း ရေးဆွဲပစ်လိုက်ဖို့တို့အတွက် တခြားဘယ်ပါတီနဲ့မှ ညှိနှိုင်းစရာ မလိုဘူးဆိုတဲ့ သဘောထားကို "တစ်ကျုပ်တန်"နဲ့ "တစ်မတ်တန်" ခွဲပြီး သုံးနှုန်းပြောဆိုခဲ့တဲ့ စကားလုံးဖြစ်ပါတယ်။

အမှန်တော့ "တစ်ကျုပ်တန်"မို့ တန်ဖိုးကြီးတယ်။ "တစ်မတ်တန်"မို့ တန်ဖိုးနည်းတယ် ဖြစ်နေပါစေ။ တစ်ကျုပ်တန် ပါတီတွင်းမှာ (အမှားအမှန်မသိတဲ့ အများဆန္ဒ)မျိုးဖြစ်နေရင် ပေးဆပ်လိုက်ရမယ့် တန်ဖိုးက အတော်ကြီးသွားနိုင်ပါတယ်။ ဒီလို(အမှားအမှန်မသိတဲ့ အများဆန္ဒ)တွေကြောင့် (အများမိုးခါးရေသောက်)ဆိုတဲ့ စကား (အများညီ ဤကိုကွဲဖတ်)ဆိုတဲ့ စကားဆိုရိုးတွေ ဖြစ်ပေါ်လာတာ မဟုတ်လား။

ဒီနေရာမှာ "ဆိုခရေးတီးစ် ပေးဆပ်လိုက်ရတဲ့ ဒီမိုကရေစီ" အကြောင်းလေး ဥပမာပေးချင်ပါတယ်။

ဒီမိုကရေစီဆိုတာကို စိတ်ဝင်စား လိုက်နာကျင့်သုံးလိုသူများ သိပြီးဖြစ်မယ့်ကိစ္စလို့ ထင်ပါတယ်။ ဒါမှမဟုတ် မသိ ချင်ယောင်ဆောင်နေသူတွေလည်း ရှိမယ်ထင်ပါတယ်။ မောင်ဒွဲ့ဒိုး ရေးကြီးခွင်ကျယ်လုပ်တာတော့ မဟုတ်ရပါ။

တွေးစရာ၊ သုံးသပ်စရာအဖြစ် ရှုမြင်တင်ပြခြင်းအဖြစ်သာ မှတ်ယူစေလိုပါတယ်။

အနောက်တိုင်း ပြက္ခဒိန်အယူအဆအရ "ခရစ်တော်မပေါ်မီ နှစ်ပေါင်း ၇၅၀" လောက်ကတည်းက ဂရိမြို့ပြနိုင်ငံ

ငယ်လေးတွေမှာ 'တိုက်ရိုက်ဒီမိုကရေစီ' ထွန်းကားနေပြီလို့ မှတ်တမ်းများမှာတွေ့ရတယ်။ ဒီမိုကရေစီစနစ်ကို စတင်ကျင့်သုံးတဲ့ နိုင်ငံက ဂရိမြို့ပြဖြစ်တဲ့ 'အေသင်နိုင်ငံလို့' သမိုင်းဆရာများကဆိုပါတယ်။

ဒီရှေးဦးမဆွ အခြေခံဒီမိုကရေစီထွန်းကားရာဒေသဖြစ်တဲ့ 'အေသင်'မှာ 'ဆိုခရေးတီးစ်'ဆိုသူ ပညာရှင်ကြီးဟာ လူဖြစ်လာရှာပါတယ်။ ကနေ့ ၂၁ ရာစုအထိ သူ့အတွေးအခေါ်၊ သူ့အယူအဆတွေ လွှမ်းမိုးထားနိုင်စွမ်းတဲ့ ဆိုခရေးတီးစ် ဖြစ်အင်ကို မောင်ဒွဲ့ဒိုးလေ့လာကြည့်မိပါတယ်။ ဒီမိုကရေစီမြစ်ဖျားခံရာ ဂရိနိုင်ငံရဲ့ အေသင်မြို့တော်မှာ ဆိုခရေးတီးစ် မွေးဖွား လာချိန်ကို သမိုင်းဆရာများက 'ခရစ်တော်မပေါ်မီ နှစ် ၅၀၀'လို့သတ်မှတ်ပါတယ်။ ဒီလိုဆိုရင် 'ဆိုခရေးတီးစ်' လူဖြစ်လာချိန် ကာလမတိုင်ခင်ကတည်းက အေသင်မှာ ဒီမိုကရေစီဝါဒ ယဉ်ပါးထွန်းကားနေတာ နှစ် ၂၅၀ သက်တမ်းကြာရှည်နေပြီလို့ မှတ်ရမှာဖြစ်ပါတယ်။

အဲဒီလို ဆိုခရေးတီးစ်မွေးချိန်မှာ နှစ်ပေါင်း ၂၀၀ကျော် ဒီမိုကရေစီ အတွေ့အကြုံပြည့်ဝနေပြီဖြစ်တဲ့ 'အေသင်'မှာ ''မိမိရဲ့ကိုယ်ကျင့်တရားကို လေ့လာစိစစ်ခြင်းဖြင့် အမှန်တရားကို ရှာဖွေရမယ်''ဆိုတဲ့ အခြေခံကျတဲ့ ဒဿနတရားရှင် ဆိုခရေးတီးစ်ဟာ သူ့ဝါဒကို လွတ်လပ်စွာပြောဟောခွင့် မရခဲ့ရှာပါဘူး။ သူ့ဒဿနကို စာဖြင့်တစ်လုံးတစ်ပါဒမျှပင် မှတ်တမ်းတင် မရေးသားခဲ့ရှာပါဘူး၊ ဒါတောင် ဒီမိုကရေစီ မူလဘူတ အခြေခံတိုင်းပြည်နော်။

အဲဒီကာလမှာအကြောင်းသင့်ရာများကို စုဝေးတိုင်ပင်ဆွေးနွေးမှုသာ ဒီမိုကရေစီကျတယ်ဆိုတဲ့ 'ဆိုးဖစ်' ပညာရှင် တွေရဲ့ ဒဿနတွေက အေသင်မှာ ကြီးစိုးနေပါတယ်။ 'ဆိုးဖစ်'တွေဟာ (ဒီမိုကရေစီဆန်တဲ့အတွက်) စကားပရိယာယ် လိမ္မာကြတယ်၊ ဆွေးနွေးရာမှာ အကျိုးသင့် အကြောင်းသင့် ငြင်းခုန်တာထက် စကားနိုင်လု ငြင်းခုန်လေ့ရှိကြတယ်လို့ အဲသလိုဆိုပါတယ်။ အကျယ်သိချင်ရင်တော့ မြန်မာ့စွယ်စုံကျမ်း 'ဆိုကရေးတီး' အညွှန်းမှာ ဖော်ပြထားပါရဲ့ဗျာ။ ရှာဖွေဖတ်ကြည့်နိုင်ကြပါတယ်။

အဲဒီခေတ်ကာလက အေသင်ရဲ့ 'ဆိုးဖစ်'တွေက အများစုဆိုတော့ 'တစ်ကျပ်တန်' တွေဖြစ်မှာပေါ့။ ဆိုခရေးတီးစ် ကတော့ သူ့တပည့် ဇင်နိုဖန်နဲ့ ပလေတိုတို့နှစ်ဦးသာ ရှိခဲ့တဲ့အတွက် 'တစ်မတ်တန်'တွေ ဖြစ်ခဲ့ရှာမှာပါ။

လိုရင်းချုပ်ရရင် ဆိုခရေးတီးစ်ဟာ အရာအားလုံးကို မျက်စိမှိတ် ယုံတတ်သူမဟုတ်တဲ့အတွက် ချမ်းသာ၊ ဆင်းရဲ မရွေးတွေ့သူတိုင်းကို သူသိလိုသမျှမေးတတ်၊ လေ့လာစိစစ်တတ်လို့ 'ဆိုးဖစ်'တွေက သူ့ရဲ့အတွေးအခေါ်တွေဟာ အတုယူ မှားနိုင်တယ်၊ ဒီမိုကရေစီကို ထိခိုက်နိုင်တယ်လို့ယူဆပြီး၊ အဲဒီခေတ်ရဲ့ 'တစ်ကျပ်တန် ဆိုးဖစ်'တွေက 'တစ်မတ်တန် ဆိုခရေးတီးစ်'ကို ဒီမိုကရေစီရဲ့ အနှစ်ချုပ်သဘောလို့ဆိုတဲ့ ''လူတိုင်းသည် တရားဥပဒေ အမြင်တွင် တူညီသည်''ဆိုတဲ့ ဥပဒေသကို လက်ကိုင်ပြုပြီး၊ တရားရုံးမှာ ကိုယ့်အဆိပ်ခွက်၊ ကိုယ်တိုင်ကိုင်ပြီး မော့သောက်စေရတဲ့ သေဒဏ်မျိုးပေးခဲ့ ကြပါတယ်။

ဟိုးနှစ်ပေါင်း ၂၅၀၀လောက်က 'တစ်မတ်တန်' ဖြစ်ခဲ့ရှာတဲ့ ဆိုခရေးတီးစ်ရဲ့ ဒဿနတွေဟာ ကနေ့ ၂၁ရာစုအထိ ရှင်သန်နေဆဲဖြစ်ပြီး၊ တစ်ကျပ်တန် ဆိုးဖစ်ပညာရှင်တွေရဲ့ ဒဿတွေကတော့ ဒီနေ့ ဒီအချိန်အခါမှာ ဘယ်သူတွေဆီမှာ ရှင်သန်နေသလဲဆိုတာ စဉ်းစားစရာပါပဲ။

ဒါကြောင့် (အမှားအမှန် မခွဲခြားတတ်တဲ့ အများဆန္ဒ)က အားသာခဲ့ရင် အန္တရာယ်များပြီး၊ မဆိုးရှိုးသင့်တာ ဆိုးရှိုးရတတ်တဲ့အကြောင်းကို 'ဆိုခရေးတီးစ်'ဟာ သေဆုံးချိန်အထိ သူ့ကိုယ်ခန္ဓာကိုအကြောင်းပြုပြီး နောင်လာနောက်သားတွေကို ဒီမိုကရေစီသမိုင်း သင်ခန်းစာပေးခဲ့တာပဲလို့ မောင်ဒွဲ့ဒိုး သုံးသပ်မိပါတယ်ခင်ဗျာ။

မောင်ဒွဲ့ဒိုးမြင်တဲ့ ဆိုခရေးတီးစ်ရဲ့ ဥပမာကို တွေးမိနိုင်ကြပြီဆိုရင်တော့ ကိုယ့်တိုင်းပြည်၊ ကိုယ့်အမျိုးသားရေးအတွက်နည်းလမ်းကျတဲ့ ဒီမိုကရေစီဝါဒနဲ့ ဘယ်လိုချိတက်မလဲဆိုတာကို ဆက်ပြီးတွေးစရာလေးတွေ ဖြစ်လာပါတယ်။

အခုဖြစ်နေတဲ့လက်ရှိကိစ္စမှာ အများအထင်က တပ်မတော်အစိုးရ ဦးဆောင်ဦးရွက်ပြုနေတဲ့ နိုင်ငံရေးလမ်းစဉ်မှာ NLD မပါဝင်ရေးဖြစ်နေတယ်လို့ မြင်နေကြတဲ့အမြင်ကို ရှင်းရှင်းလင်းလင်းမြင်သာအောင် ပြောပြရတော့မှာဖြစ်ပါတယ်။

ဒီဆောင်းပါးရဲ့အစမှာဆိုထားသလို NLD ဟာ နဂိုမူလကတည်းက 'တစ်ကျပ်တန်ပါတီ'အဖြစ် ခံယူထားပြီးဖြစ်တဲ့အတွက် တပ်မတော်အစိုးရကလည်း ဒီလိုပါတီမျိုးကို 'အမျိုးသားရေးအင်အားစု'အဖြစ် ပေါင်းစုပါဝင်လာဖို့ လက်ကမ်းကြိုခဲ့ပြီးဖြစ်တယ်ဆိုတာ သမိုင်းမှတ်တမ်း အထင်အရှားရှိနေပါတယ်။

ဒါကြောင့် NLD က "ဒီကနေ့ နိုင်ငံရေးပြဿနာတွေကို အခုချက်ချင်း စားပွဲဝိုင်းဆွေးနွေးပွဲနဲ့ စလိုက်ရအောင်'လို့ အသံကောင်းပေးလာရင်တော့ ဒီအသံစေတနာမှန်၊ မမှန် သုံးသပ်ရတော့မှာဖြစ်ပါတယ်။

ကနေ့အောင်မြင်စွာ ပြင်ဆင်ထားနိုင်ပြီဖြစ်တဲ့၊ ရှေ့ခရီးကို စည်းကမ်းပြည့်တဲ့ ဒီမိုကရေစီနည်းလမ်းနဲ့ဆက်ချီဖို့ အမျိုးသားညီလာခံကြီးက ချမှတ်နိုင်ခဲ့တဲ့ စည်းကမ်းနည်းလမ်းတွေကို ပါဝင်၊ ဆွေးနွေး၊ တိုင်ပင်ဖော်ထုတ်ခဲ့ကြတဲ့ ညီလာခံကိုယ်စားလှယ်တွေဟာ တစ်ကျပ်တန်ကစလို့ မူး၊ မတ်၊ ပြားစေ့အထိ အဆင့်မရွေး၊ အလွှာမရွေး ရပိုင်ခွင့်တွေရှိရမယ်၊ ဖော်ထုတ်ပြောဆိုခွင့်ရှိရမယ့် ဒီမိုကရေစီရဲ့ အခြေခံအခွင့်အရေးတွေကို ပြဌာန်းနိုင်ခဲ့တယ်။ ဒီလိုအောက်ခြေသိမ်း အသေးစိတ်ကစပြီးအခြေခံမူများကို အမျိုးသားညီလာခံကြီးက ချမှတ်ပေးနိုင်ခဲ့တာကိုက 'မဟာပါတီကြီး'အဖြစ် ခံယူထားတဲ့ NLD နဲ့ အမျိုးသားညီလာခံအကြား 'အဟပ်ကွာရတဲ့ အခြေခံကိစ္စ' ဖြစ်သွားပါတယ်။

ဘာကြောင့်ဆို ရွေးကောက်ပွဲရလာဒ်အပြီးမှာ တပ်မတော်အစိုးရအနေနဲ့ အနိုင်ရတဲ့ပါတီက ဦးဆောင်ပြီးတော့ အခြေခံဥပဒေကိုရေးပါလို့ ဆိုပြီးသားပါ။ NLD ပါတီက သူ့ကိုယ်သူ တစ်ကျပ်တန်ပါတီ (မဟာပါတီကြီး)လို့ခံယူပြီး မူး၊ မတ်၊ ပြားစေ့တွေရဲ့ အခွင့်အရေးတွေကို ထည့်မတွက်တော့ဘဲ အနိုင်ရပါတီအနေနဲ့ အခြေခံဥပဒေကို သူရေးထားပြီးပြီလို့ ဆိုလာတယ်။

သူ့အခြေခံဥပဒေနဲ့ လွှတ်တော်ကိုခေါ်မယ်၊ အာဏာလွှဲပါလို့ဆိုတယ်။ ဒါဟာ မောင်ဒွဲ့ဒိုးအထင်နဲ့ ပြောနေတာမဟုတ်ဘူးနော်။ မြန်မာ့နိုင်ငံရေးသမိုင်းကြောင်းမှာ ရှိပြီးသားအချက်အလက်မှန်တွေဖြစ်သလို၊ NLD ကခွဲထွက်လာသူတွေ ကိုယ်တိုင်က အနယ်နယ်လှည့်ပြီးလက်ရှိမှာ ပြောကြားရင်ဖွင့်နေကြတာဖြစ်ပါတယ်။ တည်ဆဲတပ်မတော်အစိုးရကလည်း ဖွဲ့စည်းပုံအခြေခံဥပဒေကို ထောင့်စေ့၊ ကွက်ပြည့်ဖြစ်ဖို့ ပြင်ဆင်ပြီး စနစ်တကျပေါ်ထွက်လာမယ့် လွှတ်တော်ကမှ နိုင်ငံတော်အာဏာ အရပ်ရပ်ကို ခွဲဝေတာဝန်ယူစေချင်တယ်။

ဒီကြားထဲမှာ ''ဖွဲ့စည်းပုံအခြေခံဥပဒေကို ကျွန်မတစ်ယောက်တည်းရေးမယ်၊ အမျိုးသားသင့်မြတ်စည်းလုံး

ရေးလိုလားတယ် ဆိုရင် ကျွန်မဆီ ဖုန်းကောက်ဆက်လိုက်ရင် ပြီးပါတယ်'' ဆိုတဲ့ အထိတွေဖြစ်လာတယ်။ ဒါဟာ သမိုင်းမှာ တကယ်ဖြစ်တည်ခဲ့တာတွေပါ။ အာဏာကို အရင်လွဲယူပြီးမှ ဖွဲ့စည်းပုံဥပဒေမူမှာ လိုတာ မလိုတာတွေကို NLD အနေနဲ့သူတို့ဟာ သူတို့ သုံးသပ်ပြီးလုပ်မယ်ဆိုတဲ့ သဘောတရားဖြစ်လာတယ်။

အဲဒီနောက်မှာ တပ်မတော်အစိုးရက ၁/၉၀ ထုတ်ပြန်ပေးတယ်။ ၁/၉၀ဟာ ရွေးကောက်ပွဲမှာ အနိုင်ရထားတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေကို နိုင်ငံတော်ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးကို ဦးတည်သွားရမယ့် ပုဂ္ဂိုလ်တွေ ဖြစ်သွားစေချင်လို့ဖြစ်ပါတယ်။

ဒီ ၁/၉၀ကို NLD ကလက်ခံတယ်။ သဘောတူလိုက်တယ်။ ဘာကြောင့်လက်ခံသဘောတူသလဲဆို ၁/၉၀ ကြောင့် NLD ပါတီကိုယ်တိုင် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရေးအတွက် ဦးတည်သွားကြမယ့် တာဝန်ရှိပုဂ္ဂိုလ်တွေထဲမှာ ပါဝင်သွားလို့ ဖြစ်ပါတယ်။

ဒါပေမယ့် တစ်ဖက်မှာလည်း သူ့စိတ်ဓာတ်အခံဖြစ်တဲ့ ''တစ်ကျပ်တန် မဟာအတွေး''ကလည်း ရှိနေတော့၊ လက်ရှိအစိုးရရဲ့ နောက်မြီးဆွဲလို့လည်း အဖြစ်မခံ၊ အပြောမခံနိုင်တဲ့အတွက် သူတို့ကို မြှောက်ထိုးပင့်ကော်လုပ်ပေးနေသူ တွေလည်း သက်မချနိုင်အောင် Statement တစ်စောင်ထုတ်တယ်။ ''NLD ပါတီ ဆက်လက်ရှင်သန် ရပ်တည်ရေးအတွက် သူတို့ ဒီလိုလုပ်လိုက်ရတာပါ'' ဆိုတဲ့ အကြောင်းပြချက်ဖြစ်တယ်။ ပြီးတော့ တပ်မတော်အစိုးရကပေးတဲ့ အမျိုးသားညီလာခံ တက်ရမယ့် ကိုယ်စားလှယ်ဝေစုကို NLDက အသိအမှတ်ပြုပြီး လက်ခံယူတယ်။ ကျေနပ်စွာနဲ့ အမျိုးသားညီလာခံကို တက်ရောက်ကြတယ်။ အခြေခံမူ ၁၀၄ မူ ရတဲ့အထိ ဖြစ်မြောက်ခဲ့တယ်။ အဲဒီကာလပြီးမြောက်ချိန်မှာ ပါတီခေါင်းဆောင် အမျိုးသမီးက အမျိုးသားညီလာခံတက်တဲ့ကိစ္စကို သူသဘောမကျတဲ့အတွက် တက်နေတဲ့NLD တွေ အမျိုးသားညီလာခံက ထွက်တော်မူကြတယ်။

ဒါကိုကြည့်ရင် လက်ရှိအစိုးရဟာ အမျိုးသားညီလာခံလမ်းကြောင်းပေါ်က NLD ကို ဖယ်ထုတ်ပစ်တာမဟုတ်တဲ့ အပြင်၊ NLD အတွက် အသေအချာကို ၁/၉၀နဲ့ သတ်မှတ်ပြီး နေရာပေးထားတာကို တွေ့ရမှာသာဖြစ်ပါတယ်။

အမျိုးသားညီလာခံမှာ ဦးဆောင်ဦးရွက်ပြုနေတဲ့ တာဝန်ရှိအကြီးအကဲ ပုဂ္ဂိုလ်ကြီးတစ်ဦးက ''အမျိုးသားညီလာခံ ကထွက်ပေါ်လာမယ့် ဒီမိုကရေစီ အခြေခံဥပဒေတွေဟာ တစ်ခါတည်း ပြီးစီးသွားတာမဟုတ်ဘူး၊ အခုမှစတင်လှမ်းရမယ့်လမ်းစ ဖြစ်ပါတယ်'' လို့ အဓိပ္ပါယ်ရတဲ့စကားကို လေးနက်စွာပြောထားပြီးဖြစ်ပါတယ်။ ဒါဟာ ဘာကိုအခြေခံသလဲဆိုရင် ဒီမိုကရေစီရဲ့ ကျောရိုးဖြစ်တဲ့ အခြေခံဥပဒေမူတွေထဲမှာ လိုအပ်တာတွေရှိခဲ့ရင် ဒီမိုကရေစီ နည်းလမ်းနဲ့အညီ ဖြည့်စွက်ပြုပြင်ပြီး ဒီမိုကရေစီ လမ်းကြောင်းမှန်ဟာ တစ်ဆင့်ထက်တစ်ဆင့်၊ အဆင့်မြင့် ဖြောင့်ဖြူးစေဖို့ ရည်ရွယ်ထားပြီးသားဆိုတာပေါ်လွင်ပါတယ်။

လွန်ခဲ့တဲ့နှစ် ၂၀၀၀ကျော်ကတည်းက၊ စတင်ခဲ့တဲ့ ဒီမိုကရေစီဝါဒလမ်းမကြီးဟာ ယနေ့တိုင် End မဖြစ်သေးပါဘူး၊ Process အဖြစ်နဲ့ဆက်သွားရင်း လိုတိုးပိုလျှော့လုပ်နေရတာက ဒီကနေ့နိုင်ငံတိုင်းလိုလို ကျင့်သုံးနေရတာပါပဲဆိုတာကို ရည်ညွှန်းလိုက်တာဖြစ်ပါတယ်။

ဒီတော့မြန်မာပြည်ရဲ့နှစ် ၂၀ တောင်မပြည့်သေးတဲ့ ဒီမိုကရေစီခရီးလမ်းအစလေးအတွက်ဆို ပိုလို့တောင်လိုအပ်ချက်

တွေရှိနေဦးမှာမဟုတ်လား။ ဒီအတွက်မြန်မာပြည်သူတွေဟာ ကိုယ်လိုချင်တာတွေရဖို့၊ ဖြစ်ဖို့၊ အပြည့်အစုံဆုံးဆိုတဲ့ အခွင့်အရေးတွေ ပေါ်ပေါက်ဆုပ်ကိုင်နိုင်ဖို့၊ ဒီမိုကရေစီနည်းလမ်းကျစွာ ပြောရေးဆိုခွင့်ပြုထားတဲ့ နေရာဌာနတွေကနေ ဆန္ဒပြုကြရမှာဖြစ်ပါတယ်။ အဲဒီအတွက် လမ်းပေါ်ထွက် ဆန္ဒပြကြစရာမလိုပါ၊ ဂရိ ဆိုးဖစ်ပညာရှင်ကြီးတွေရဲ့ ဒီမိုကရေစီလို (အမှားအမှန်မသိတဲ့အများဆန္ဒ)မျိုး မဖြစ်သွားဖို့ကလည်း အရေးကြီးပြန်ပါတယ်။ မဟုတ်ဘူးလား။

ဒါကြောင့် မြန်မာပြည်ကိုနှစ်ကြိမ်တိုင် လာရောက်လေ့လာခဲ့တဲ့ ကုလသမဂ္ဂ တွဲဘက်အတွင်းရေးမှူး မစ္စတာဂမ်ဘာရီ ကိုယ်တိုင် အမျိုးသားပြန်လည်သင့်မြတ်ရေးကို အသေးငယ်ဆုံးကိစ္စ (Small Scale ) ကစရမယ်လို့ နည်းလမ်းကျစွာ ပြောခဲ့တာကိုကြည့်ရင် ‘တစ်မတ်တန်’ လိုကိစ္စမျိုးကအစ၊ အလေးထားပြင်ဆင်ရမယ်ဆိုတဲ့ အဓိပ္ပါယ်ကိုဖြစ်စေပါတယ်၊ ဒါကိုတစ်ကျပ်တန် မဟာပါတီကြီး ဝါဒအတွေးအခေါ်ရှိသူ ပညာရှင်တွေသဘောပေါက်သင့်ပါတယ်။

ဒီလိုလက်ရှိအခွင့်အရေးလေး၊ အနေအထားမျိုးလေးရဖို့ကိုပဲ ဆယ်စုနှစ်နဲ့ချီပြီး ‘အမျိုးသားညီလာခံကြီးက’ တစ်ဆင့်ဖော်ထုတ်ရနိုင်ဖို့ ကျားကုတ်ကျားခဲ လုပ်ထားပြီးလို့၊ အမျိုးသားညီလာခံကြီးပြီးဆုံးချိန်ရောက်တော့မှ ရှေ့ခရီး မဆက်နိုင်အောင်လို့ ‘နိုင်ငံရေးပယောဂ’တွေ ဝင်ပူးလာတာကို မြန်မာပြည်သူတွေသတိပြုဖို့လိုနေပါပြီ။ တိုက်ဆိုင်လွန်းပါတယ်။ အမျိုးသားညီလာခံပြီးလို့ ပြည်သူတွေဆန္ဒပြု ဆန္ဒပေးရတော့မယ့် ကာလရောက်ချိန်မှာမှ ဆန္ဒပြတဲ့လုပ်ရပ်လေးတွေ နေရာကွက်ကျားမှာ တဖွဲဖွဲဖန်တီးလာကြတာဟာ ‘ပယောဂ’ ဖြစ်တယ်ဆိုတာထင်ရှားပါတယ်။

ယနေ့နိုင်ငံရေးကို အခြေခံထားတဲ့ အဖွဲ့အစည်းမျိုးစုံတွေရှိပါတယ်။ သူတို့ဟာ တိုင်းပြည်နေရာအနှံ့ ကိုယ့်စားရိတ်ကိုယ်စားပြီး တွေ့ဆုံရှင်းလင်းပွဲတွေ လှည့်လည်လုပ်နေကြတာ တွေ့ရမှာဖြစ်ပါတယ်။ ဒီလိုအဖွဲ့အစည်း တွေရဲ့အစီအစဉ်တွေ၊ ကြေညာချက်စာတမ်းတွေ၊ သဘောထားထုတ်ပြန်ချက်တွေ၊ အဲဒီအဖွဲ့ကိုယ်စားပြုသူတွေရဲ့ အမှာစကားတွေကလည်း စာအုပ်စာတမ်းလေးတွေအဖြစ် ဖြန့်ဝေထွက်ရှိနေပါတယ်။ အဲဒီအထဲမှာ လက်ရှိဖြစ်ပေါ် နေတဲ့ လတ်တလောတိုင်းပြည်အခြေအနေတွေကို ပွင့်လင်းစွာသုံးသပ်ရေးသားထားတာတွေကိုထင်းထင်းကြီး တွေ့ရမှာဖြစ်ပါတယ်။

ဒီလိုအနယ်နယ်မှာ သတင်းစာရှင်းလင်းပွဲတွေကို လွပ်လပ်စွာလုပ်ကိုင်နေကြလို့ ‘‘တပ်မတော်အစိုးရ ဘက်တော်သား’’မို့ ဒီလိုအခွင့်အရေးရတယ်လို့ မထင်ကြမိဘို့လိုပါတယ်။ ဆန္ဒစောပြီး အမြင်ရှမ်းမနေကြစေချင်ပါ။ ‘‘စည်းကမ်းပြည့်ဝသောဒီမိုကရေစီ’’ ဆိုတဲ့လမ်းကြောင်းကို အခြေခံအဖြစ် ဒီလိုအနေအထားတွေကနေစတင် အကောင်အထည်ဖော်နေပြီဆိုတဲ့ အမြင်နဲ့ကောင်းသောနမိတ်လက္ခဏာ အဖြစ်ရှုမြင်ကြည့်ကြပါဦးလို့ မောင်ဒွဲ့ိုး ပြောချင်ပါတယ်။

အဲဒီနိုင်ငံရေးနဲ့ နီးနွယ်ဖွဲ့ထားတဲ့ အဖွဲ့တွေနဲ့ဖြန့်ဝေစာတမ်းတွေကိုလည်း အသေအချာလေ့လာကြည့်စေ ချင်ပါတယ်။ စေ့စပ်စွာဖတ်ကြည့်စေချင်ပါတယ်။ အဲဒီအခါမှာ သူတို့အဖွဲ့တွေရဲ့စာတမ်းတွေထဲမှာ လက်ရှိနိုင်ငံရေး ဝေဖန်ချက်တွေ အများကြီးပါတာတွေ့ရမှာဖြစ်ပါတယ်။ ဒါပေမယ့်အစွန်းလွတ်တယ်။ ဝေဖန်စရာ သုံးသပ်တာ တွေကလည်း စည်းကမ်းနည်းလမ်းနဲ့ညီတာကို အထင်အရှားတွေ့ရမှာဖြစ်တယ်။ လတ်တလော Fuel ကိစ္စကိုပင် အစိုးရအပေါ် ဝေဖန်စမ်းစစ်ကြတဲ့ စာတမ်းတွေကိုတောင်တွေ့ရပါတယ်။

လောင်စာဆီဈေးမြင့်တဲ့အပေါ် အကွက်ကောင်းလို့သတ်မှတ်ပြီး၊ နိုင်ငံရေးလောင်မီးပွားအောင် ဖန်တီးလိုက်

ကြသူတွေဟာ ဘယ်သူတွေလဲ၊ သေချာတာကတော့ မြန်မာပြည်ကြီးစည်းကမ်း၊ နည်းလမ်းကျစွာ ဖွံ့ဖြိုးစည်ပင်စေမယ့် နည်းလမ်းစဉ်တွေကိုအနီးကရော၊ အဝေးကပါမရှုမြင်လိုသူတွေသာဖြစ်ပါတယ်။

ကမ္ဘာကြီးမှာလူ့အလွှာတိုင်း၊ လူတန်းစားတိုင်းမှာကျေနပ်ခြင်း၊ မကျေနပ်ခြင်းဆိုတာ သူ့အမြင်၊ သူ့အတိုင်းအတာကိုယ်စီနဲ့ ရှိတတ်ကြပါတယ်။ အလိုမပြည့်ခြင်းနဲ့ ဘယ်သူမှမကင်းပါဘူး။ ကနေ့ မောင်ဒွဲဒိုးတို့ရဲ့ ကမ္ဘာကြီးဟာ အလိုမကျမှုတွေနဲ့ရစ်ပတ်နေပါတယ်။ ဒီအတွက် ကိုယ့်ရဲ့လိုလားတောင့်တမှုကို ဆန္ဒဖော်ထုတ်တာ လက်ခံနိုင် ပါတယ်။

ဒါပေမယ့် ဆန္ဒပြတဲ့နည်းလမ်းနဲ့ ဆန္ဒကိုဖော်ထုတ်တာမျိုးကြောင့်အသိအမှတ်ပြုရမယ်ဆိုတဲ့ အတွေးကို ကနေ့ဒီမိုကရေစီတိုင်းကြီးပြည်ကြီးတွေအဖြစ်ညွှန်းဆိုထားတဲ့ အမေရိကန်အစိုးရတို့၊ အင်္ဂလန်အစိုးရတို့တောင် လက်မခံကြပါဘူး။

သူတို့တိုင်းပြည်တွေမှာ ဗီယက်နမ်၊ အီရတ်ကျူးကျော်စစ်မျိုးကို သူတို့ပြည်သူတွေကမကျူးကျော် စေချင်တာမျိုး၊ စီးပွားရေးအကျပ်အတည်းတွေ့လာရင် သူတို့ပြည်သူတွေ လက်မခံကြောင်းပြတာမျိုးအတွက် လမ်းမ အသွယ်သွယ်အပေါ်မှာ လူအုပ်ကြီးတွေထောင်သောင်းချီပြီးဆန္ဒပြအရေးဆိုနေပါစေ၊ ဘယ်လောက်ပဲအော်ဟစ် ဆန္ဒပြနေပါစေ၊ ရွေးကောက်တင်မြှောက်ထားတဲ့ အစိုးရဖြစ်နေတာတောင် အဲဒီလိုပုံစံမျိုးနဲ့ဆန္ဒပြတာကို အသိအမှတ်မပြုပေးပါဘူး။ လက်ခံမဖြေရှင်းမပေးပါဘူး။

ဒါပေမယ့် ကျူးကျော်စစ်ဆင်နွှဲနေတဲ့သူတို့အစိုးရကို ကန့်သတ်နိုင်ဖို့၊ စစ်အသုံးစရိတ်လျှော့ချနိုင်ဖို့၊ ကျူးကျော်စစ်အတွက် တပ်အင်အားလျှော့ချစေဖို့ဆိုတဲ့ အခြေအနေမျိုးရောက်အောင် အစိုးရကိုပြည်သူက ကန့်သတ်စေချင်ရင် လွှတ်တော်တွင်း၊ ပါလီမန်အတွင်းမှာ ပြည်သူကသူတို့တင်ထားတဲ့ ကိုယ်စားလှယ်တွေကတစ်ဆင့် ဆန္ဒပြု မဲခွဲဆုံးဖြတ်စေမှသာ အစိုးရကအသိအမှတ်ပြု လက်ခံပေးတာတွေ့ရမှာဖြစ်ပါတယ်။

ဒါကြောင့်ဒီမိုကရေစီကို မြတ်နိုးကိုးစားသူတို့အနေနဲ့၊ ဒီမိုကရေစီတိုင်းပြည်ကြီးတွေမှာတောင် ဆန္ဒပြတာခေတ်မစားတော့ဘဲ၊ ဆန္ဒပြုတာနဲ့ ဒီမိုကရေစီကိုထူထောင်နေကြချိန်မှာ မြန်မာနိုင်ငံမှာလည်း အမျိုးသားညီလာခံကြီးကချမှတ်ထားတဲ့ အခြေခံဥပဒေမူကြမ်းများအတွက် အရင်ဆန္ဒပြုကြဖို့ ပြင်ဆင်ကြရမှာဖြစ်ပါတယ်။ အဲဒီဆန္ဒပြု ကြရာမှတစ်ဆင့် ထွက်ပေါ်လာတဲ့လိုအင်ဆန္ဒတွေကို အပြည့်အဝရကြဖို့ မျက်ခြေမပြတ်ကြပါနဲ့ဦး။ တစ်ဆင့်ပြီး တစ်ဆင့်၊ တစ်ရစ်ပြီး တစ်ရစ်ဖြစ်လာအောင် ကြိုးစားရဦးမှာပါ။ မြန်မာပြည်ကြီးရဲ့ ဒီမိုကရေစီ သက်တမ်းက နုပါသေးတယ်။ 'ဆိုခရေးတီးစ်' ဖြစ်ရပ်မျိုးကြုံရရင်လည်း ကြောက်စရာပါ။

ဒါ့ကြောင့် မောင်ဒွဲဒိုးရဲ့ ဟိုစပ်စပ်၊ ဒီစပ်စပ်အချက်အလက်လေးတွေကို တွေးတောဆင်ခြင်ကြည့်ကြပြီး၊ ဆန္ဒပြလိုသူတွေအသိခေါက်ခက် အဝင်မနက်ပါဘူးလို့ နားလည်ရပါတယ်။ ဒါ့အပြင်ဆန္ဒပြတဲ့နည်းလမ်းဟာ ဒီမိုကရေစီတိုင်းပြည်ကြီးတွေမှာတောင် မအောင်မြင်တော့ဘူး၊ ခေတ်မမီတော့ဘူး၊ ဆန္ဒပြုတဲ့နည်းလမ်းကသာ အသုံးဝင်ပါလားဆိုတာကိုလည်း သိစေချင်ပါတယ်။ ဒါကြောင့် ပြည်သူတွေဆန္ဒပြုရမယ့်အချိန်ကာလကို အမျိုးသားညီလာခံကြီးကဖော်ဆောင်ထားပြီးပါပြီ။

အနောက်တိုင်းစကားပုံတစ်ခုရှိပါတယ်'မခုန်ခင်ကြည့်'တဲ့၊ ခုန်လိုက်မိကာမှ ချောက်ထဲတန်းခုန်ချ လိုက်သလို ဖြစ်နေဦးမယ်လို့ပြောရင်း၊ စဉ်းစား ..... တွေးတော ..... ဆင်ခြင်နိုင်ကြဖို့။

မောင်ဒွဲဒိုး